# Mobye People Defense Force

**ရက်စွဲ။ အောက်တိုဘာ (၂၄)ရက်၊ ၂၀၂၁ခုနှစ်။**

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

≈≈≈≈≈≈≈≈჻჻჻჻≈≈≈≈≈≈≈≈

ယနေ့နံနက် (၇) နာရီဝန်းကျင်တွင် လွိုင်ကော်မှ ဖယ်ခုံသို့ စစ်ကြောင်းထိုးလာသော အကြမ်းဖက် စစ်ကောင်စီ ယဉ်တန်းကို မိုးဗြဲမြို့အထွက်နားတွင် **MB PDF နှင့် KNDF BO-3** တို့မှ အသင့် စောင့်ကြို၍ ပူးပေါင်းတိုက်ခိုက်ခဲ့ပါသည်။

စစ်သား အင်အား (၅၀) ဝန်းကျင်ခန့်တင်ဆောင်လာသော စစ်ကား (၅)စီးကို **MB PDF နှင့် KNDF BO-3** တို့မှ တရစပ်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီဘက်မှ (၁၀)ဦးထက်မနည်း သေဆုံးခဲ့ပြီး၊ ထိခိုက်ဒဏ်ရာရရှိမှုကို ခန့်မှန်း၍မရပေ။ တိုက်ပွဲချိန် (၁၅) မိနစ်ကြာပြီးနောက် ပြည်သူ့ကာကွယ်ရေး တပ်သားများမှာ အထိအခိုက်မရှိ ပြန်လည်ဆုတ်ခွာနိုင်ခဲ့ပါသည်။ ပြည်သူ့ကာကွယ်ရေးတပ်သားများသည် ပြည်သူနှင့် ဝေးရာသို့ ဆုတ်ခွာခဲ့ပြီးနောက် နံနက် (၇) နာရီခွဲ ဝန်းကျင်တွင် မိုးဗြဲအခြေစိုက် ၄၂၂ တပ်ရင်းမှ မိုးဗြဲမြို့အတွင်းရှိ လူနေရပ်ကွက်များစီသို့ လက်နက်ကြီး (၁၀)လုံးထက်မနည်း ပစ်ခတ်ခဲ့ပါသည်။ စိတ်မကောင်းစွာဖြင့် အကြမ်းဖက်စစ်တပ်မှ ရမ်းသမ်းပစ်ခတ်လိုက်သော လက်နက်ကြီးများကြောင့် အပြစ်မဲ့ အရပ်သား (၆)ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏ်ရာရရှိသူ (၆)ဦးအနက် **အသက် ၄၄နှစ်ဝန်းကျင်အရွယ် မ-၁ ဦးမှာ ဦးခေါင်းထိမှန်ဒဏ်ရာဖြင့် သေဆုံးခဲ့ပါသည်။ (၂)** အသက် (၃)နှစ်အရွယ် ကလေးငယ်-မ တစ်ဦးမှာ ညာလက်မောင်း ပေါက်ပြဲ ဒဏ်ရာ၊ **(၃)** အသက် (၉)နှစ်အရွယ် ကျား-၁ဦးမှာ ညာဘက် ဂျိုစောင်း, နားရွက်, လက်ဖြန် ပေါက်ပြဲဒဏ်ရာ၊ **(၄)** အသက် ၅၄နှစ်အရွယ် မ-၁ဦးမှာ ညာဘက် နားထင်, လက်မောင်းရင်း, လက်ကောက်ဝတ်, ဗိုက် ပေါက်ပြဲဒဏ်ရာ၊ **(၅)** အသက် ၃၁နှစ်အရွယ် ကျား-၁ဦးမှာ ခါးပေါက်ပြဲဒဏ်ရာ(၂)ခု၊ **(၆)** အသက် ၅၆နှစ်အရွယ် ကျား-၁ဦးမှာ ခါးပေါက်ပြဲဒဏ်ရာ အသီးသီး ရရှိခဲ့ပါသည်။ ဘက်ပေါင်းစုံမှ အထိနာနေသော အကြမ်းဖက် စစ်ကောင်စီတပ်သည် အရပ်သားနှင့် ရန်သူ စနစ်တကျ မခွဲခြားဘဲ အပစ်မဲ့ အရပ်သားများကို ပစ်မှတ်ထားနေခြင်းမှာ အင်မတန် စပ်ဆုပ်ဖွယ်ကောင်းသော လုပ်ရပ်ပင်ဖြစ်သည်။

**_ မိုးဗြဲပြည်သူ့ကာကွယ်ရေးတပ်-MBPDF**

**သတင်းနှင့် ပြန်ကြားရေး**